# စကောကရင် စကားသံဖွဲ့ပုံကို သဒ္ဒဗေဒဖြင့် လေ့လာချက်

## ပါရဂူ (Ph.D) ဘွဲ့အတွက် တင်သွင်းသောကျမ်း


မအေးအေးဝင်း

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်



၂၀၀၅ခုနှစ်၊ ဒီဇင်ဘာလ

# ကျမ်းအကျဉ်းချုပ်

ဤကျမ်းတွင် အနောက်စကောကရင်ဘာသာစကား၏ စကားသံဖွဲ့စည်းပုံကို အခန်း(၆)ခန်းခွဲ၍ လေ့လာတင်ပြထားပါသည်။ နိဒါန်းပိုင်းတွင် လေ့လာသော ဘာသာစကားနှင့် လေ့လာရခြင်း ရည်ရွယ်ချက်၊ လေ့လာသည့်နယ်နှင့် အမေးခံပုဂ္ဂိုလ်၊ လေ့လာသော ဘာသာစကားအတွက် စကားလုံးကောက်ယူပုံ၊ လေ့လာ တင်ပြသည့် နည်းနှင့် အခြေခံတင်ပြမည့် သီအိုရီတို့ပါဝင်သည်။ အခန်း(၁)သည် သရလေ့လာမှု အပိုင်းဖြစ်သည်။ အနောက်စကောကရင် ဘာသာစကားတွင် သရ(၉)ခုနှင့် မတြာဝက်သရ (၁)ခုရှိကြောင်း လေ့လာတင်ပြထားသည်။ အခန်း(၂)သည် ဗျည်းလေ့လာမှုအပိုင်းဖြစ်သည် ဗျည်း(၂၈)လုံးတွင်ခက်ခဲစွာ အသံထွက်ရသော ဗျည်းတို့ပါဝင်ပြီး ဗျည်းတွဲများကိုလည်း ဇယားဖြင့်ဖော်ပြထားသည်။ အခန်း(၃)သည် ဝဏ္ဏ (သို့) ဗျည်းသရဖွဲ့စည်းပုံကို လေ့လာတင်ပြထားသည်။ အခန်း(၄)သည် တက်ကျသံအခန်းဖြစ်ပြီး တက်ကျသံ(၆)မျိုးကို စိစစ်တင်ပြထားပါသည်။ အခန်း(၅)သည် အနောက်စကောကရင် စကားသံများ ပြောင်းလဲလာပုံကို လေ့လာတင်ပြထားသော အပိုင်းဖြစ်သည်။ အခန်း(၆)သည် ခြုံငုံသုံးသပ်ချက် အပိုင်းဖြစ်ပြီး ရှေ့ပိုင်းတွင်ဖော်ပြခဲ့သော အခန်း(၅)ခန်းကို ပြန်လည်သုံးသပ် တင်ပြထားခြင်းဖြစ်သည်။